
အောင်မြင်စာပေ
လုံးချင်းဝတ္ထုရှည်
မြပုလဲခင်
သင်းကွဲငှက်၏ဥဒါန်း

# အခန်း (၁)

စိန်ပန်းပြာမြို့။

တောင်စခန်းမြို့လေး ဖြစ်သည် ။

တောင်ပိုင်း ရှမ်းပြည်နယ်၏ မြို့တော် တောင်ကြီးမြို့ မနီးမဝေး၌ တည်ရှိသော မြို့ကလေး ဖြစ်သည် ။

ယနေ့ ...

စိန်ပန်းပြာမြို့လေး၏ အိမ်တိုင်းလိုလိုနှင့် လက်ဖက်ရည်ဆိုင် စားသောက်ဆိုင်တိုင်း လိုလို၌ လက်ခုပ်သြဘာသံများ ဖြင့် ညံစည်ကာ စည်ကားနေလေသည် ။

အကြောင်းမှာ တိုင်းနယ်ပြည်နယ် ပြည်ထောင်စု ဒိုင်းဘောလုံးပြိုင်ပွဲအတွင်း ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်း အသင်းကို အနိုင်ရသွားသောကြောင့် ဖြစ်လေသည် ။

အနို အနိုင်ရသွားသော ရှမ်းပြည်နယ် အသင်းတွင် စိန်ပန်းပြာမြို့လေးမှ နာမည်ကြီး တိုက်စစ်မှူး ဘောလုံးသမားများ ပါဝင်နေသောကြောင့် ဒေသခံ မြို့သူမြို့သားများက တခဲနက် အားပေးနေကြခြင်း ဖြစ်ရာ တစ်မြို့လုံး အုန်းအုန်းကျွတ်ကျွတ် ညံညံစီစီ ဖြစ်နေကြလေသည် ။

"ဂိုး ... ဂိုး"

"သံလွင်ခကွ"

"ပရင့်စ်ကွ ... ပရင့်စ်"

"ဂိုး ... ဂိုး ... ညီညီကွ"

"အောင်ပြီကွ၊ အောင်ပြီ"

"ဒိုင်း ... ဒိုင်းရပြီကွ"

အသံပေါင်းစုံ အော်ဟစ်နေသော စိန်ပန်းပြာ မြို့သူမြို့သားများမှာ ဂုဏ်ယူ၍ မဆုံးကြချေ။

သူတို့ ဩဘာပေးနေသောသူမှာ ...

"သံလွင်ခ"

"ပရင့်စ်"

"ဒိုးလေး"

"ညီညီ"

အဆိုပါ အမည်နာမများကို ပိုင်ဆိုင်သူမှာ ဘယ်တောင်ပံ တိုက်စစ်မှူး တစ်ဦးတည်း၏ အမည်နာမများ သာလျှင် ဖြစ်သည် ။

သူ၏ နာမည်ရင်းမှာ "သံလွင်ခ" ဖြစ်သည် ။ ငယ်နာမည်က "ညီညီ" ။

ဦးမောင်မောင်ခ ဒေါ်နန်းကေသီတို့ ၏ ရင်နှစ်သည်းချာမှာ သားနှစ်ယောက်တည်းသာ ရှိ၍ သားကြီးက "ရောခ" သားငယ်က "သံလွင်ခ" ဟူ၍ အမည်သညာ မှ ည့်ခေါ်ထားကြသည် ။

ထို့အပြင် ...

မိဘများက ချစ်စနိုး ခေါ်သည့် က ဧရာခ ကို "ကိုကို" သံလွင်ခကို " ညီညီ" ဟူ၍ ဖြစ်ရာ ဆွေမျိုးညာသကာနှင့် မိတ်ဆွေ အပေါင်းအသင်း သူငယ်ချင်းတစ်ချို့ကလည်း "ကိုကို" "ညီညီ" ဟု အမှတ်သညာ ပြုသကဲ့သို့ ...

ဘယ်တောင်ပံ တိုက်စစ်မှူး အဖြစ် ပြည်နယ်တောင်ပိုင်း လက်ရွေးစင် ဖြစ်လာသော သံလွင်ခကို ကွင်းထဲတွင် ဒိုးလေးတစ်လုံးလို လိမ့်နေသောကြောင့် ...

"ဒိုးလေး"

ဟူသော အမည်သညာတစ်ခု ထပ်ရသည် ။

ထို့အပြင် ...

လူပျိုရွယ်လူး ဖြစ်လာချိန်၌ မြင့်မားသော အရပ်ကြီးက တလွင့်လွင့်၊ ရင်အုပ်ကားကား၊ လူကောင်ထွားထွား၊ အသားအရောင်က ဖြူလွန်းသဖြင့် အနီရောင်ပင် ပြေးနေသေးသည် ။ နှုတ်ခမ်းသားက ကွမ်းဆေးလိပ် သေရည်သေရက် ကင်းစင်သောကြောင့် နီစွေးစွေး။

ထင်ရှား ထူထဲသော မျက်ခုံးနှစ်ဖက်က သိမ်းငှက် တောင်ပံနှစ်ဖက်နှယ်၊ လှုပ်လှုပ်ခတ်ခတ်။

ထိုကဲ့သို့သော ခန့်ညားသည့် ရုပ်အဆင်း အင်္ဂါရပ်ကြောင့် ပုရိသ သူငယ်ချင်းများ အပြင် ကုတ္တိယ ငယ်ငယ်ပျိုပျိုတို့ က အမည်သညာတစ်ခုကို ကင်ပွန်းတပ်လိုက်သည် က ...

"ပရင့်စ်" တဲ့ ။

နှစ်ဂိုးတစ်ဂိုးဖြင့် ပြည်ထောင်စုဒိုင်းကို အရယူနိုင်လိုက်သည် မှာ သံလွင်ခ၏ စွမ်းပကားကြောင့် ဖြစ်သည် ။

ပထမဂိုးကို သံလွင်ခက ညာတောင်ပံ တိုက်စစ်မှူးအတွက် အကွက်ဆင်ကာ ပို့ပေးခဲ့လိုက်သည် ။

ဒုတိယ အနိုင်ဂိုးကိုတော့ သူကိုယ်တိုင် ကွင်းလယ်မှ လိမ်ခေါက် ယူလာပြီး တိုက်ရိုက်ပင် ဂိုးသမား ဘယ်လိုမှ တားဆီး၍ မရနိုင်သော "ဂိုး" ကို လှလှပပလေး သွင်းယူသွားခဲ့လေသည် မို့

"စိန်ပန်းပြာသားကွ"

စိန်ပန်းပြာ တစ်မြို့လုံး ဝမ်းသာအားရ ထခုန်သူခုန် လက်ခုပ်လက်ဝါးကို ထူပူမတတ် တီးသူတီးနှင့် တစ်မြို့လုံး အုံးအုံးကျွတ်ကျွတ် ဖြစ်သွားရခြင်း ဖြစ်သည် ။

'သံလွင်ခ" ၏ မိဘနှစ်ပါးကတော့ ဆိုဖွယ်ရာ မရှိတော့ချေ။

မိဘနှစ်ပါးက တောင်ကြီး၌ အခြေချ နေထိုင်နေသည် ။ သားဖြစ်သူ၏ အောင်ပွဲအတွက် မိဘနှစ်ပါးမှာ လည်း ဝမ်းသာအားရ ဩဘာပေးနေရင်းမှ မိခင်ဖြစ်သူမှာ ဝမ်းသာလွန်းသဖြင့် မျက်ရည်များ ပင် လည်ရသည် ဆိုသည့် အဖြစ်မျိုးနှင့် ကြုံရလေသည် ။

ထို့အပြင် အကောင်းဆုံး ဘောလုံးသမား ဆုကိုလည်း သံလွင်ခပင် ရရှိရာ ဆိုဖွယ်ရာ မရှိသော ပီတိမျက်ရည်က ဒေါ်နန်းကေသီ မျက်ဝန်းဝယ် လျှံဝေနေသော ...

"မအေကြီး ... တို့ သား ညီညီ့အတွက် အကောင်းဆုံး လက်ဆောင်တစ်ခုကို စဉ်းစားစမ်းကွာ၊ ကိုတော့ "ကိုကို့" ဆီ ဖုန်းခေါ်လိုက်ဦးမယ်"

ဟု ဆိုကာ ဦးမောင်မောင်ခက တယ်လီဖုန်းခွက်ကို လှမ်းယူ ကော

က်ကိုင်လိုက်သည် ။

သားကြီး ကိုကိုက ဖလမ်းမြို့သို့ ရောက်ရှိနေသည် ။

ကျရာဒေသ၏ ပြည်သူလူထု ကျန်းမာရေးအတွက် တာဝန်ယူနေသော ဆရာဝန်တစ်ဦး ဖြစ်သည် ။

သူသည် တီဗွီကြည့်ချိန်ကို တစ်နာရီ ပြည့်ဝအောင်ပင် မရတတ်အောင် အလုပ်များ သော ဆရာဝန်တစ်ဦး ဖြစ်သဖြင့် သူ့ဖခင်က သူ့ညီ၏ သတင်းကောင်းကို ဝမ်းမြောက်မှု မျှဝေပေးကာ ဖုန်းဆက်ပေးလိုက်ခြင်း ဖြစ်သည် ။

သံလွင်ခ၏ ဂုဏ်သတင်းမှာ သူ့အသိုင်းအဝိုင်းတင်မက တစ်ပြည်လုံး ပျံ့နှံ့နေသည် ။

ထိုအထဲတွင် ...

ခပ်ကဲကဲလေးနှင့် အကဲပါနေသူကလည်း ရန်ကုန်မြို့၏ တစ်နေရာ လူကုံထံရပ်ကွက်၌ ဖြစ်သည် ။ ၎င်းမှာ ...

***

## အခန်း (၂)

"ဟာ ... လှလိုက်တာ၊ သွားပြီ ... သွားပြီ၊ ဂိုး ... ဂိုး"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

ပါးစပ်ကလည်း အငြိမ်မနေ၊ လက်ခုပ်လက်ဝါးလည်း တဖြောင်းဖြောင်း ထတီးလိုက်သော သမီးဖြစ်သူကြောင့် ဖခင်ဦးကျော်တင့်က ...

"ရန်ကုန် ဂိုးတာလား"

တယ်လီဖုန်း လာသဖြင့် လမ်းလျှောက်ရင်း ဖုန်းပြောနေသော ဦးကျော်တင့်က လှမ်းမေးရင်း တီဗွီကို ကြည့်လိုက်သည်။

"ဟင် ... သံလွင်ခ သွင်းလိုက်တာပဲ"

"သံလွင်ခ" ကို အသင်းသားများက ဆွဲဖက်နမ်း ဂုဏ်ပြုနေသည် မို့ ဦးကျော်တင့် အံ့အားသင့်သွားရသည်။

ရန်ကုန်ဇာတိလည်း ဖြစ်၊ ရန်ကုန်မြို့တွင် လည်း နေထိုင်သူ ဖြစ်သဖြင့် ဦးကျော်တင့်တို့ သားအဖသည် ရန်ကုန်တိုင်း အသင်းကို အားပေးနေသည်။

သို့သော် ရှမ်းပြည်နယ် (တောင်ပိုင်း) အသင်းမှ ဘယ်တောင်ပံ တိုက်စစ်မှူး သံလွင်ခ၏ ကစားကွက်များ နှင့် လျင်မြန်ဖျတ်လတ်ပုံကို ကြည့်

ကာ သားအဖနှစ်ယောက်စလုံး အားကစား သမားများ ပီပီ သဘောကျ နေခဲ့ကြသည် ဖြစ်ရာ နောက်ဆုံး ဒေသစွဲကိုပင် မေ့သွားကြပြီး သံလွင်ခ ကို အားပေးမိရက်သား ဖြစ်သွားကြလေသည် ။

အကောင်းဆုံး ဘောလုံးသမားဆုကို သံလွင်ခ ရသွားသောအခါ၌ လည်း သူတို့ သားအဖ ဝမ်းသာအားရပင် လက်ခုပ်တီးကာ အားပေးလို က်ကြသည် ။

တီဗွီဖန်သားပြင်ပေါ်က တိုက်ရိုက် ထုတ်လွှင့်ပြသသော ပြည်ထောင် စုဒိုင်း တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲစဉ် ပြီးစီးသွားသောအခါမှ ဝမ်းတွင်း ဟာနေသည် ကို သတိပြုမိပြီး ...

"မိဂျမ်းရေ ... ထမင်းပွဲ ပြင်တော့ဟေ့"

ခင်ဘုန်းတင့်က လှမ်းအော် လိုက်လေသည် ။ ပြီးတော့ ဖခင်ဘက် လှည့်ကာ ...

"ဘယ်လိုလဲ ဖေဖေ၊ လက်ရွေးစင် ဘောလုံးအသင်း အတွက် သံလွင် ခကို လျာထားလိုက်ပြီ မှတ်လား ..."

"ဟုတ်တယ် ... သမီး"

"သမီးကော သဘောကျတယ် မှတ်လား"

"ဟုတ်ကဲ့ သဘောကျပါတယ်၊ နောက်တစ်ယောက်က ဇော်ဝင်းလ ည်း မဆိုးပါဘူး၊ ဒါပေမဲ့ ဂိုးသွင်းချင်ဇောက များ ပြီး တစ်ကိုယ်ကောင်း ဆန်သလားလို့ "

"အင်း ... ဟုတ်တယ် သမီး၊ အသင်းအဖွဲ့အစည်းနဲ့ ကစားတဲ့ အား ကစားတွေမှာ အဓိက က စိတ်ဓာတ်ပဲ၊ တစ်ကိုယ်ကောင်း မဆန်ရဘူး၊ စည်းလုံးညီညွတ်ရမယ်၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး သက်လုံလည်း ကောင်းရ

မယ်၊ စံငြိမ်း ကစားကွက်တွေက တစ်ကိုယ်ကောင်း ဆန်နေတယ်၊ ဒီတော့ ရှမ်းပြည်နယ်အသင်းက သံလွင်ခ တစ်ယောက်ကို ဖေဖေ တေးမှတ်ထားလိုက်ပြီး ဥက္ကဌနဲ့ ညှိနှိုင်းလိုက်ဦးမယ်"

"မမလေး ... ထမင်းပွဲ ပြင်ပြီးပါပြီ"

"ဖေဖေ ထမင်းစားရအောင်"

သားအဖနှစ်ယောက် စကားစ ဖြတ်ကာ ထမင်းဝိုင်းဆီသို့ ထလာခဲ့ကြလေသည်။

"သမီးဒွေးလေးက ဘယ်တော့ ပြန်ရောက်လာမှာ တဲ့ လဲ"

"ပြန်လာတော့မှာ ပါ ဖေဖေ ... လေးရက်ပဲ လိုတော့တယ်"

ဗုဒ္ဓဂါယာသို့ ဘုရားဖူး သွားနေသော အစ်မဖြစ်သူ ဒေါ်ဆွေတင့်ကို ဦးကျော်တင့်က အမှတ်ရမိကာ ခင်ဘုန်းတင့်ကို မေး လိုက်လေသည်။

ခင်ဘုန်းတင့်က ပြန်ဖြေလိုက်ရင်းမှ ထပ်ဆင့်ကာ ...

"သမီး ထိုင်းမသွားခင် ရောက်လာလို့ တော်သေးတယ်"

"ဟုတ်တယ်၊ ဒီအိမ်မှာ က ဒွေးလေး မရှိလို့ က မဖြစ်ဘူး၊ ဖေဖေက အလုပ်များ ၊ သမီးကလည်း ထရိန်နင် များ နဲ့ ဆိုတော့ မမသာ မရှိရင် ဖေဖေတို့ သားအဖ ဒေါင်ချာစိုင်းနေမှာ ပဲ"

ခင်ဘုန်းတင့်က အသက် (၄၈) ကျော် (၅၀) နီးပါး ရှိပြီ ဖြစ်သော်လည်း နုပျိုလန်းဆန်း ဖျတ်လတ်သန်မာဆဲ ဖြစ်သော ဖခင် ဦးကျော်တင့်ကို ကြည့်ကာ စာနာတွေး တွေးကြည့်လိုက်သည်။

ဖခင်သည် မုဆိုးဖိုဘဝကို ဖြတ်သန်းခဲ့ရသည် မှာ သူရှစ်နှစ် သမီး လောက်ကတည်းက ဆိုတော့ နှစ်ပေါင်း တစ်ဒါဇင်ပင် ရှိလေပြီ။

ခင်ဘုန်းတင့်ကိုတော့ သမီးကညာ အခါမလင့်စေနဲ့ ဆိုသည့်အတိုင်း သူ ကျောင်းနေဖက်လည်း ဖြစ် ဖခင် မိတ်ဆွေ၏ သားလည်း ဖြစ်သော ဒေါက်တာသက်နှင်း နှစ်ပါးဂဟေ ဆက်ရန် စေ့စပ်ကြောင်းလမ်းပေးပြီး ဖြစ်သည် ။

ချစ်သူမရှိသော ခင်ဘုန်းတင့်အတွက် နဂိုရှိရင်းစွဲ သူငယ်ချင်း သံယောဇဉ်ဖြင့် ဖခင်ကြီးစကားကို ရှောရှောရှူရှူပင် လက်ခံခဲ့သည် ။

သို့သော် အိမ်ထောင်ရေးထက် အားကစားကို စိတ်ဝင်စားလွန်းသော ခင်ဘုန်းတင့်ကြောင့် လက်ထပ်ရေးကတော့ နှောင့်နှေးနေသည် ။

တာဝေး အပြေးချန်ပီယံ မြန်မာ့လက်ရွေးစင် အားကစားမယ် ခင်ဘုန်းတင့်သည် အရှေ့တောင်အာရှ ကျွန်းဆွယ်ပွဲနှင့် ဖိတ်ခေါ်ပြိုင်ပွဲ ချစ်ကြည်ရေး ပြိုင်ပွဲများ တွင် ဝင်ရောက် ယှဉ်ပြိုင်တိုင်း ရွှေတံဆိပ်ဆုများကို ရရှိခဲ့သည့် မြန်မာ့ဂုဏ်ဆောင် အားကစားမယ် ဖြစ်သည် ။

ထို့ကြောင့် ထင်သည် ။ ခင်ဘုန်းတင့်သည် အားကစားနည်းမျိုးစုံကို စိတ်ဝင်စားစွာဖြင့် မြန်မာပွဲ၊ အာရှပွဲ၊ ကမ္ဘာ့ပွဲဟူသမျှကို စလောင်းမှ ဖမ်းကြည့်ရင်း အားပေးတတ်သူလည်း ဖြစ်သည် ။

ဒါကလည်း မျိုးရိုးလိုက်သည် ထင်ပါသည် ။ ခင်ဘုန်းတင့် ဖခင် ဦးကျော်တင့် ကိုယ်တိုင်ကလည်း ကျောင်းသားဘဝက ဘောလုံးကစားခဲ့သည် ။ တက္ကသိုလ်အထိ ကစားခဲ့ပြီး ဘွဲ့ရတော့ အိမ်ထောင်ကျသောအခါ စီးပွားရေးနယ်ပယ်ထဲသို့ ခြေစုံပစ် ဝင်ခဲ့ရသည် နှင့် ဘောလုံးနှင့် အဆက်အသွယ် ပြတ်သွားရာမှ လူကုံထံ အများ စု၏ အပန်းဖြေ အားကစားနည်း ဖြစ်သော ဂေါ့ဖ်ရိုက်သည့် ဖက်သို့ လှည့်သွားခဲ့လေသည် ။ အပျော်တမ်း ဂေါ့ဖ်ရိုက်သည် မှ ပါတနာ မရှိလည်း ရှိသူလူနှင့် ရိုက်လေ့ ရှိသည် ။

ယခုလည်း ထမင်းစားပြီးသည် နှင့် ဂေါ့ဖ်ကွင်း သွားရန် ဒရိုင်ဘာ မောင်ထွေးက ဂေါ့ဖ်ဆက်အိပ်ကို ကားပေါ်သို့ တင်ထားပြီး ကားကို 'သ' နေလေသည် ။

"ဒီနေ့ ကိုဇော်လည်း လာမှာ ဆိုတော့ အတော်ပဲ၊ သံလွင်ခကို ခေါ်ယူရေး ဆွေးနွေးကြည့်ဦးမယ်"

အားကစား လောကကို ပံ့ပိုးနေသော စီးပွားရေး လုပ်ငန်းရှင်များ ထဲတွင် တစ်ယောက် အပါအဝင် ဖြစ်သော ဦးကျော်တင့်သည် အကြံပေး ဖြစ်ရုံတင်မက ငွေအင်အားကိုပါ အင်တိုက်အားတိုက် ပါဝင်ထားသူ ဖြစ်သည် ။

"ကိုင်း ... ဖေဖေ သွားပြီသမီး"

"ဟုတ်ကဲ့ ဖေဖေ ... လိုက်မပို့တော့ဘူးနော်၊ သမီး ဟင်းချိုလေး သောက်လိုက်ဦးမယ်"

"ရတယ် သမီး ... ထိုင်"

ဖခင် ဦးကျော်တင့် ထမင်းစားခန်းမှ ထွက်သွားသည် နှင့် ခင်ဘုန်းတင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည် ။

အသီးအနှံမျိုးစုံ ပါသော ဟင်းချိုကို သောက်ရင်းမှ မျက်ဝန်းထဲဝယ် သံလွင်ခ၏ လျင်မြန်ဖျတ်လတ်သော ဘောလုံး ကစားကွက်များကို မြင်ယောင်ရင်း ကျေနပ်နေမိလေသည် ။

"မမ"

"ဘာလဲ"

"မမ တစ်ယောက်တည်း ဘာတွေ ပြုံးနေတာလဲ"

အဆင့်အတန်း မခွဲခြားတတ်သော ခင်ဘုန်းတင့်အား ပြောရဲဆိုရဲ ရှိသော မိဂျမ်းက မေးလိုက်သည်။

ထိုအခါမှ ခင်ဘုန်းတင့်သည် မိမိပြုံးမိနေပါလားဟု သိရှိလိုက်ပြီး ...

"နင် ဘောလုံးပွဲ ကြည့်လိုက်သေးလား"

"ကြည့်တာပေါ့ မမရဲ့ "

"သံလွင်ခ ကစားကွက်က သိပ်ကောင်းတယ်နော်"

အလုပ်သမား တန်းလျား၌ (၁၄) လက်မ တီဗွီတစ်လုံး ထားပေးထားသည်။ မိဂျမ်းနှင့် ဒေါ်သန်းအပြင် ခြံတွင်း မြက်ရှင်း သန့်ရှင်းရေး၊ ပန်းပင်ရေလောင်း တောက်တိုမယ်ရ လုပ်ရန် ခေါ်ထားသော မိဂျမ်း၏ မောင်လေး မောင်နီကလည်း ဘောလုံး ဝါသနာအိုး ဖြစ်သည်။

"အဟီး ... ဟီး ... ကစားကွက် ကောင်းတာ မကောင်းတာတော့ မသိဘူး၊ အရမ်းချောတာပဲ သိတယ်၊ ဘက်ခမ်း ကျနေတာပဲ၊ အဟီး ... ဟီး"

မိဂျမ်း အပြောကို သူထောက်ခံပါသော်လည်း ...

"ကစားတာ မကြည့်ဘဲ လူပဲ ကြည့်နေတာပေါ့လေ"

"နားမှ မလည်ဘဲ မမရဲ့ ၊ ငနီက ကြည့်လို့ အလုပ်လုပ်ရင်း လှမ်းကြည့်မိတာပဲ ရှိတယ်၊ မိဂျမ်း သိတာပဲ ပြောတာပေါ့ ... အဟီး"

"ငပေါမလေး"

ဟု ခင်ဘုန်းတင့်က မိဂျမ်းခေါင်းကို ချစ်စနိုး ပုတ်ပြီးနောက် ထမင်းစားခန်းမှ ထွက်ခွာလာခဲ့သည်။ နောက် ခြံဝင်းဆင်းကာ လမ်းလျှောက်ရင်း G.S.M မိုဘိုင်းဖုန်းကို ဖွင့်ကာ သူငယ်ချင်းများ နှင့် စကားပြောရန်

တာစူလိုက်သည် ။

ဘယ်သူနှင့် ပြောရမည်နည်း။

အမြဲတစေ သတိရလိုက်သည် က သက်နှင်းကို ဖြစ်သည် ။

မိမိအပေါ် အနစ်နာ အခံဆုံးနှင့် အချိန်အပေးဆုံး သူငယ်ချင်းက "သက်နှင်း" ပေပဲ။

ပြီးတော့ နှစ်ဘက်မိဘများ သဘောတူ စေ့စပ်ထားသူ ဆိုတော့ ...

"လူကြီးမင်း ခေါ်ဆိုသော ..."

"ကျွတ် ... ဖုန်းပိတ်ထားပြန်ပြီ၊ ဆေးခန်းထိုင်နေတယ် ထင်တယ်"

ခင်ဘုန်းတင့် တစ်ကိုယ်တည်း ရေရွတ်လိုက်ပြီး အခြား တစ်ယောက်ကို ဖုန်းလှမ်းခေါ်လိုက်သည် ။

သင်းသင်းကြည်ကို ဖြစ်သည် ။

သူနှင့်အတူ တာဝေးအပြေး အားကစားမယ် ဖြစ်သည် ။

သူနှင့် သူမသာ ကိုယ်မသာ ကြေး၊ ငွေ၊ ရွှေတံဆိပ်များ ဆွတ်ခူးပြီး နိုင်ငံဂုဏ် ဆောင်နိုင်သူ ဖြစ်သည် ။

ငယ်သူငယ်ချင်းများ ထက်ပင် ပို၍ ခင်မင်သော ကစားဖော် ပြိုင်ဖက် ဖြစ်သည် ။

"ဟယ်လို ... ဖုန်း ပြော ..."

"သင်း ... ရှင် ဘောလုံးပွဲ ကြည့်လိုက်သေးလား"

"ကြည့်ပ ... သံလွင်ခက အရမ်းမိုက်တယ်နော်၊ ဘယ်အလွတ်ခံလို့ ဖြစ်မလဲ"

"ဘာမိုက်တာလဲ"

ခေတ်စကားလေးများကို လူငယ်ပီပီ သုံးစွဲရင်း စိတ်အပန်းဖြေကြသည်။

"အကုန်လုံး"

"အဲတော် ... ရှင်က အကုန်လုံး ဘယ်လိုလုပ် မြင်တာလဲ၊ ကျွန်မတောင် မမြင်ဘူး"

"မိန်းမ ရွှတ်ပြီ၊ ကျွန်မ ပြောတာ ရုပ်ရည်ရူပကာရော ကစားကွက်ကိုကော ပြောတာ ..."

"သိပါဘူး၊ ရှင်များ ခိုက်နေပြီလားလို့ "

"ကျွန်မတင် မဟုတ်ပါဘူး၊ ဣတ္ထိယ တော်တော်များများ စွဲက်လောက်တဲ့ အရည်အချင်းကောင်းတွေ ပိုင်ဆိုင်တာကိုးရှင့်၊ ကျွန်မလည်း သာမန် မိန်းမတစ်ယောက်ပဲ၊ စိတ်ကူးယဉ် မင်းသားအနေနဲ့ ရင်ခုန်တာပေါ့"

သင်းသင်းကြည်သည် မြန်မာပြည် အထက်ပိုင်းသူ တနည်းအားဖြင့် အညာသူ ဖြစ်သည်။ အသားညိုညို ခန္ဓာကိုယ် သေးသေးကျစ်ကျစ်နှင့် ရုပ်ရည်ကတော့ အချောအလှစာရင်း မဝင်သော်လည်း မျက်ဆံနက်နက်နှင့် ပါးချိုင့်လေးနှစ်ဖက် ခွက်ဝင်နေမှုက ချစ်မွေးပါစေသည်။

သင်းသင်းကြည် စကားကြောင့် ခင်ဘုန်းတင့် စိတ်ထဲ ထူးဆန်းသွားသည်။

ထို့ကြောင့် မဆိုင်းမတွပင် ...

"ဒါဆို ရှင်က သဒ္ဒါကြည့် ကြည့်တာ မဟုတ်ဘူး ၊ တဏှာကြည့် ကြည့်တာပေါ့ ဟုတ်လား"

"ပါးစပ်အားလို့ လျှောက်ပြောနေတာဟော့၊ အားကစားစိတ်ဓာတ်နဲ့ ကြည့်တာ၊ ဒါပေမဲ့ သံလွင်ခကို ဆဲနေမိတယ်"

"ဘာဖြစ်လို့ လဲ"

"ကျုပ်တို့ မကွေးတိုင်း အသင်းကိုလည်း ဒင်းက အနိုင်ယူ သွားလို့ လေ၊ ရှင်ကော အခု သူ့ကို ကျိန်ဆဲမနေဘူးလား ရှင့်ရန်ကုန်တိုင်းကို အနိုင်ယူပြီး ဒိုင်းလုသွားတဲ့ သံလွင်ခကို ရှင် ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေတော့မှာ လား"

ခင်ဘုန်းတင့်က ရယ်ကာ ...

"ကျွန်မ လက်ပိုက်ကြည့်မနေပါဘူး၊ လက်ခုပ်လက်ဝါးတီးပြီး ကြည့်နေတာပါ မိသင်းရယ်"

ဟု ပြောလိုက်တော့ သင်းသင်းကြည်က ...

"ဟော့တော်" ဟု အာမေဋိတ်သံ ပြုလိုက်စဉ် ခင်ဘုန်းတင့် ဖုန်းစက်ခလုတ်ကို ပိတ် လိုက်လေတော့သည် ။ ဒီလိုပဲ သူ အနိုင်နှင့် ပိုင်းကာ သူငယ်ချင်း မိတ်ဆွေများ အပေါ် အနိုင်ယူနေကျ ဖြစ်သည် ။

ခင်ဘုန်းတင့် သင်းသင်းကြည်နှင့် စကားစ ဖြတ်လိုက်ပြီး သည့်တိုင်အောင် ပြုံးနေမိသေးသည် ။

မျက်ဝန်းထဲမှ လည်း တီဗွီဖန်သားပြင်ပေါ်မှ သံလွင်ခ လှုပ်ရှားမှု ပုံရိပ်သွင်က ပေါ်လွင်နေဆဲ ဖြစ်သည် ။

ဒေးဗစ်ဘက်ခမ်းလိုလို

ဒီနှစ်ပိုင်း ခေတ်စားလာသော စီရော်နယ်ဒိုလိုလို

ကာကာလိုလိုနှင့် ...

မိမိနှစ်သက်သော ဘောလုံးသမားများ ၏ ပုံရိပ်များ နှင့်ပါ နှိုင်းယှဉ်ကြည့်ရင်း ပီတိရိပ်နှင့် အားကစားစိတ်က ရင်တွင်း ပျံ့နှံ့ စိမ့်ဝင်လျက် ရှိချေသည် ။

***

# အခန်း (၃)

စိန်ပန်းပြာ မြို့လေးသို့ နီးကပ်လာသည် နှင့် သံလွင်ခ၏ ရင်မှာ လန်းဆန်း တက်ကြွလာသည် ။

တောင်ပေါ်ရနံ့တို့ က သူ၏ ရင်ကို တိုးဝှေ့ ကျီစယ်လေပြီ။

ထင်းရှူးနံ့၊ ယူကလစ်နံ့ ပန်းပေါင်းစုံရနံ့၊ မြေနီသင်းနံ့ တောင်ပေါ်လေ၏ နှင်းငွေ့ရနံ့တို့ က သူ့အား ဆီးကြိုလေပြီမို့။

သံလွင်ခရင်မှာ တက်ကြွလန်းဆန်းလျက် ရှိချေပြီ။

မိမိ၏ ဇာတိရပ်သို့ အောင်ပွဲနှင့်အတူ ပြန်လာရလေတိုင်း ရင်ဝယ် ပီတိလှိုင်းတို့ က နူးညံ့သိမ်မွေ့မှုကို ဖော်ဆောင်ပေးလေသည် ။

အောင်ပွဲနှင့်အတူ ပြန်လာသော သူတို့ ရှမ်းပြည်နယ် အသင်းအား တောင်ကြီးမြို့မှ သက်ဆိုင်ရာ အကြီးအကဲ အုပ်ချုပ်သူများ နှင့် စီးပွားရေး လုပ်ငန်းရှင် ဒေသခံ ပြည်သူပြည်သားတို့ က တခဲနက် ကြိုဆိုအားပေး ဂုဏ်ပြုပေးခဲ့ပြီး ဖြစ်သည် ။

နောက်နေ့ ဇာတိရပ်ထံသို့ ပြန်ခွင့်ရသည် နှင့် သံလွင်ခ တောင်ကြီးမြို့ရှိ မိဘနှစ်ပါးထံ တစ်ညတာပင် အိပ်ပြီး နံနက်စောစော အရုဏ်ပင် မတက်မီ စိန်ပန်းပြာသို့ ဆိုင်ကယ်တစ်စီးဖြင့် အပြေးကလေး ပြန်ချလာခဲ့သည် ။

ဟဲလ်မက်ကို ဆောင်း၊ လယ်သာဂျာကင်ကို ဇစ်ပြည့်တပ်ကာ တောင်ပေါ် အအေးဓါတ်နှင့် တိုးဝှေ့လာသော လေလွှာဟူသမျှကို ဖောက်ထွင်းကာ မြွေလိမ်မြွေကောက် လမ်းကလေးအတိုင်း ဆန်တက်လာခဲ့လေသည် ။

နှင်းမကွဲတကွဲ၌ စိန်ပန်းပြာကို ရောက်ရှိလာသည် ။

မြို့အဝင် မုခ်ဦး ...

"စိန်ပန်းပြာမြို့မှ ကြိုဆိုပါသည် "

ဆိုင်းဘုတ်လေးကို လှမ်းမြင်လိုက်ရသည် ။ အိပ်တန်းထနိုးကာစ ကျေးငှက်သာရကာတို့ နှင့် အတူ သမုဒ္ဒရာ ဝမ်းတထွာအတွက် မျက်စိနှစ်လုံး ပွင့်လာကတည်းက လှုပ်ရှားနေကြသူ ဈေးသည် ၊ ဈေးဝယ်၊ အလုပ်သွား၊ ကျောင်းသွားတို့ ကလည်း စိန်ပန်းပြာမြို့၏ လမ်းမ လမ်းသွယ်များ ပေါ်၌ လှုပ်ရှား သွားလာနေကြလေသည် ။ သူ၏ စီးတော်ယဉ် " ယာမဟာ" ဆိုင်ကယ်က "ဝေါခနဲ" နှင့် လူရိပ်သူရိပ်တို့ ကို ဖြတ်ကျော်ခဲ့ပြီး မြို့စွန်ရှိ ဆိတ်ငြိမ်ရာ ရပ်ကွက်ရှိ " သံလွင်ရိပ်မြုံ" ခြံသို့ တန်းခနဲ ဝင်ရောက် လိုက်လေသည် ။

ဆိတ်ငြိမ်မှုက တစ်ခုခုတော့ တစ်ခုခုပေပဲ ...။

ဆိတ်ငြိမ်မှုကို သူ နှစ်သက်၍ မြို့လည်က မိဘများ ၏ အမွေဆိုင်အိမ်ကို စောင့်ရှောက်ပေးရုံမှ အပ မနေဘဲ သူ့ကိုယ်ပိုင် လုပ်အားခငွေများ စုဆောင်းပြီး နှစ်ဇကေ ဝန်းကျင် ကျယ်ဝန်းသော ဥယျာဉ်ခြံကို ဝယ်ယူပြီး သူ့စိတ်တိုင်းကျ တစ်ထပ်တိုက်လေးကို သပ်ရပ်စွာ ဆောက်လုပ်ပြီး တစ်ဦးတည်း နေထိုင်ခဲ့သည် မှာ နှစ်နှစ်ခန့်သာ ရှိသေးသည် ။

အိမ်ရှေ့ ပေါ်တီကိုအောက်၌ ဆိုင်ကယ်လ်ကို ရပ်လိုက်ပြီး ဟဲလ်မက်

ကို ချွတ်ကာ ဆိုင်ကယ်လ် လက်ကိုင်၌ ချိတ်လိုက်သည် ။ အိမ်တံခါးမကြီးက ဆိတ်ငြိမ်စွာ စောင့်ကြိုနေသည် ။

"မောင်မဲ ရောက်မလာသေးဘူး ထင်တယ်၊ ဒီကောင် သေသေချာချာ မှာ ထားရက်နဲ့ "

ဟု စိတ်ထဲက မကျေမနပ် ရေရွတ်လိုက်သည် ။

အချိန်ကာလ တိတိကျကျ မပြောပေမဲ့ ညက မောင်မဲဆီ ဖုန်းဆက်စဉ် ဒီနေ့ ရောက်အောင် လာမည်။ နံနက်စောစော ပြင်ဆင်ထားဟု သူ မှာထားသည် ။

တံခါး၏ လက်ကိုင်ဖုကို လှည့်လိုက်သည် ။ လော့ကျနေသည် မို့ လယ်သာ ဂျာကင်အိတ်ထဲမှ သော့ကို ထုတ်ကာ ဖွင့်လိုက်သည် ။

မောင်မဲ မရောက်သေးတာ သေချာသည် ။

တံခါးကို တွန်းဖွင့်ပြီး ဝင်လိုက်သည် ။

"ဖောက်"

"ဖောင်း ... ဖောင်း"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"ဟေး ..."

"တိုက်စစ်မှူးကြီး သံလွင်ခ ... ကျန်းမာပါစေ ချမ်းသာပါစေ"

"ဟီးရိုး သံလွင်ခ ဝဲလ်ကမ်းတူယူ"

"ဟက်ပီး ... ပရင့်စ်"

ဆူညံသံများ ပွက်လောရိုက်ပြီး မိမိပေါ်သို့ ဝဲကျလာသော ရွှေရောင်

ငွေရောင် စက္ကူမှျင်များ လေပူဖောင်းများကို ဖယ်ရှားထုတ်ရင်းက ကြိုဆိုသူများကို ကြည့်လိုက်သည်။

ဒီကြားထဲ ပါးပြင်သို့ နွေးခနဲ ထိတွေ့မှုကို ခံစားလိုက်ရသေးသည်။

"ဟေး ..."

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

"မယ်သီတာကွ"

သူငယ်ချင်းများ ၏ ပွေ့ဖက်မှု ထုနှက်မှုနှင့် နမ်းရှုပ်မှုတို့ ကို သံလွင်ခစိတ်အိုက်စွာ ခံစားရသော်လည်း ကိုယ့်ကို ဂုဏ်ပြုသော ကြိုဆိုနှုတ်ဆက်ပွဲ ဖြစ်ခြင်းကြောင့် ရယ်မောကာ သာသာ တွန်းတွန်း ဖယ်ဖယ်နှင့် ...

"သိုင်းကျူး ... ဆိုသိုင့်" လုပ်ရင်းမှ မိမိလက်ကို ထိတွေ့လာသမျှ လက်များကို တုံ့ပြန် ဆုပ်ကိုင် လှုပ်ယမ်းရင်း လူရင်းတွေမို့ မညှာတာနိုင်ပဲ ...

"မိုက်ဆာ လာပြီကွ၊ နှုတ်ဆက်လို့ မပြီးတော့ဘူးလား"

"ဂုဏ်ပြုပွဲကတော့ ငယ်ကျွမ်းဆွေ မယ်သီတာရဲ့ လက်ရာ ငါးထမင်းချဉ်သုပ်က အဆင်သင့်ပါပဲ"

ဆွေအောင်၏ အသံပြကြီးက ပေါ်ထွက်လာသည်။

ခေါင်းပေါ်မှ ရော ခန္ဓာကိုယ်ပေါ်မှ ရွှေရောင်ငွေရောင် စက္ကူမှျင်တန်းများကို ပျော့ပျောင်းသော ဖော့ဖယောင်းသွယ် လက်ကလေးက ဖယ်ရှားပေးနေသည်။

ထိုလက်ပိုင်ရှင်က "မယ်သီတာ" ဖြစ်သည်။

"လာ ထိုင်ကြတော့"

သူငယ်ချင်း ဆွေအောင်က သူ့အား စားပွဲဝိုင်းသို့ ဆွဲခေါ်သွားပြီး နေရာပေးလိုက်သည် ။

သူငယ်ချင်း မိန်းကလေးက နှစ်ယောက်။

တစ်ယောက်က နှုတ်ခမ်းနီ ဝေးစွ၊ မျက်နှာတွင် ပင် သနပ်ခါး လုံးဝမလူး၊ ပေါင်ဒါ လုံးဝမတင်သော "ဒေလီယာ"။

နောက်တစ်ဦးက "မယ်သီတာ" ။ သူ မယ်သီတာ၏ နှုတ်ခမ်းကို လှမ်းမကြည့်ပဲ သိလိုက်သည် ။ အရောင်ရင့်ရင့်များကို နှုတ်ခမ်းရော လက်သည်းပါ ဆိုးတတ်သည် မှာ မယ်သီတာ၏ အကျင့်ဖြစ်သည် ။

ထမင်းစားပွဲပေါ်တွင် ငါးထမင်းချဉ်၊ ဝက်သားချဉ်၊ ရှမ်းခေါက်ဆွဲ စသည့် အစားအစာများကို ကိုယ်နှစ်သက်ရာ ယူစားနိုင်စေရန် စီစဉ်ထားသည် ။

သူသည် အကယ်ဒမီ ရသွားသောသူပမာ အပေါင်းအသင်း သူငယ်ချင်းများက ကျားမ မရွေး နှုတ်ဆက် ဂုဏ်ပြုခြင်း ဖြစ်သည် ။

သို့သော် သူသည် ရုပ်ရှင် ဗွီဒီယို သရုပ်ဆောင် မဟုတ်၊ နောက်ပြီး မိန်းကလေးများ နှင့်လည်း ရောရောထွေးထွေး မနေတတ်သောသူ ဖြစ်သဖြင့် ရှက်ကိုးရှက်ကန်း မျက်နှာကြီးက နီရဲလျက် ခေါင်းကို တွင်တွင် ငုံ့ထားမိသည် ။ မယ်သီတာထံ ယောင်၍ မျှပင် မျက်လုံး မရောက်ရဲတော့။

မယ်သီတာနှင့် ဒေလီယာမှာ တစ်ကျောင်းတည်း တစ်တန်းတည်းသား သူငယ်ချင်းဖြစ်သည် ။ နှစ်ယောက်စလုံးက မြို့နယ် ပြည်နယ်နှင့် တိုင်း ဘတ်စကက်ဘောမယ်များ ဖြစ်၍ အားကစားသမားချင်း ဟူသော ရင်းနှီးမှုမျိုး ရှိလာခဲ့သည် ။

ယခု သူ၏ အိမ်စားပွဲဝိုင်းတွင် သူ အပါအဝင် ယောကျ်ားလေး လေးယောက်နှင့် မိန်းကလေးက နှစ်ယောက်။

စားကြသောက်ကြရင်း သူ့အား ဂုဏ်ပြုလက်ဆောင်ထုပ်များ ပေးသည် ကို သူလက်ခံ ယူလိုက်သည် ။

"မနက်ဖြန်ည မြို့နယ် ရပ်မိရပ်ဖတွေက မင်းတို့ ကို ဂုဏ်ပြုပွဲ လုပ်လိမ့်မယ်"

သူ စိတ်ရှုပ်သွားသည် ။

ဘောလုံး ကစားတာ သူ့ဝါသနာဖြစ်သည် ။ ငယ်စဉ်ကလေးဘဝလေးဘက်သွားကတည်းက ဘောလုံးတစ်လုံးကလွဲ၍ ကျန်ကစားစရာရပ်များကို မမက် မဆော့တတ်သော သံလွင်ခဖြစ်သည် ။

မတ်တတ်ပြေးစ အရွယ်ရောက်သည် နှင့် ဘောလုံးကန်ဖို့ အဖေ အမေနှင့် အစ်ကိုအပြင် အိမ်မှ အလုပ်သမား ပွဲရုံ အလုပ်သမား မှန်သမျှ သူနှင့် ဘောလုံးကစားဖူးသူ မရှိချေ။

"သံလွင်ခ ငါ သုတ်ပေးရမလား"

"ရပါတယ်"

ငှက်ပျောဖက်လေးနှင့် ထုပ်ထားသော ငါးထမင်းချဉ်ထုပ် (၃) ထုပ်မျှကို ဖြည်ပြီး ကြွေပန်းကန်ပြား တစ်ချပ်ထဲ ထည့်ပေးသည် ။ နောက် ကြက်သွန်ဖြူကျော်လေး ထပ်ဖြူးပေးပြီး ဂျုံး၊ ပူစီနံ၊ ဆလပ်၊ ကော်ဖီရွက်တို့ ထည့်ထားသော ပန်းကန်နှင့် ငရုတ်သီးကြော်ပန်းကန် မုန်ညင်းချဉ်ပန်းကန် ဟင်းချိုပန်းကန်တို့ မှာ သံလွင်ခ ရှေ့မှောက်သို့ မယ်သီတာ တစ်ဦးတည်း ဒိုင်ခံ ပို့ဆောင်ပေးလေသည် ။

"မယ်သီတာ နင်တစ်ယောက်တည်း ဂုဏ်ပြုတာ မဟုတ်ဘူး လေ၊

ကျုပ်တို့ လည်း ပြုစုပါရစေဦးနော်" ဟု ဆိုကာ ဒေလီယာက အသီးအနှံပန်းကန်၊ စံငြိမ်းက ကော်ဖီပန်းကန်ကို ယူလာပေးသည် ။

"ဟာကွာ ... မင်းတို့ ကလည်း ငါ့ဖာသာငါ ယူစမ်းပါ့မယ်ကွာ"

"လုပ်မနေနဲ့ ၊ ဒီနေ့ပဲ မင်းကို ပြုစုမှာ ၊ နောက်နေ့တွေ လာပြုစုပါဆိုလို့ လာနိုင်မှာ မဟုတ်ဘူး "

ကျော်သက်က ပြော လိုက်လေသည် ။

ယုံပါသည် ။ ဘွဲ့အသီးသီး ရသွားပြီးကတည်းက ကိုယ်သန်ရာသန်ရာကို ရွေးချယ်ကာ စီးပွားရေး နယ်ပယ်ထဲ ခြေစုံပစ် ဝင်ကြသော သူငယ်ချင်းများက သူ့ကို ချစ်ခင်လွန်းအားကြီး၍ သာ ယခုလို စီစဉ်ကာ ကြိုဆိုခြင်း ဖြစ်သည် ။

"ကျေးဇူးအထူး တင်ပါတယ်ကွာ၊ မင်းတို့ လည်း စားကြလေ၊ ပျော်ပျော်ပါးပါးပေါ့၊ မောင်မဲ ..."

မီးဖိုချောင်ထဲ၌ ကုတ်ချောင်းချောင်းနှင့် အလုပ်များ နေသော မောင်မဲကို လှမ်းခေါ်လိုက်သည် ။

"ခင်ဗျာ"

"ညွှံ့သည် တွေ အလုပ်မများ စေနဲ့ လေ၊ မင်းမိန်းမ မိသေးကို လှမ်းခေါ်လိုက်၊ ဆေးကြောသန့်ရှင်းရေး လုပ်ဖို့ "

"ဟုတ်ကဲ့၊ မနက်အစောကြီးကတည်းက ရောက်နေပါပြီ"

"တို့ က ညွှံ့သည် လား သံလွင်"

မယ်သီတာက မျက်စောင်းထိုးကာ ပြောလိုက်သည် ။ ထိုမျက်စောင်းတွင် ချစ်စနိုး ပိုင်စိုးချင်စိတ်တို့ ပါဝင်နေကြောင်း သိသည် ။

သိရက်နှင့် ဥပေက္ခာပြုခဲ့သည် က သံလွင်ခပင်။

အချစ် ဝင်မလာခြင်းကြောင့် ထင်သည် ။ သူ့နှလုံးက ထူးကဲသော လှုပ်ရှားမှုမျိုး မရှိချေ။

နှလုံးသား လှုပ်ရှားမှု မပါသော စကားမျိုးကို နှုတ်မှ ပေါ့ပေါ့ကလေး မထွက်ချင်။

ထို့ကြောင့် သံလွင်ခသည် စကားနည်းပြီး ကိုယ့်လုပ်ငန်းကို အောင်မြင်စေရန်သာ အာရုံစိုက်သူ ဖြစ်သည် ။

အချစ်ရေးကိစ္စနှင့် ပတ်သက်၍ တကယ့်ကို စက္ကူပြဲ တစ်ရွက်သာ တည်း။

"ညှော်သည် တွေပဲပေါ့။ သူငယ်ချင်းလည်း ညှော်သည် ပဲ၊ မိတ်ဆွေလည်း ညှော်သည် ပဲ၊ အိမ်သည် ဖြစ်ချင်ရင်တော့ လူကြီးစုံရာနဲ့ တော့ စကားပြောကြပေတော့"

"ဟုတ်တယ်၊ ယုန်က မတိုးရင်လည်း ပိုက်ကသာ တိုးလိုက်ပေတော့ "

"ဟုတ်သားပဲ မယ်သီတာ၊ မိန်းကလေးပဲ ရှက်မနေပါနဲ့ တော့"

စံငြိမ်း၊ ဆွေအောင်နှင့် ကျော်သက်တို့ က တစ်ယောက် တစ်ပေါက်နှင့် ပေါက်ကရတွေ ပြောသည် ကို ဒေလီယာက ...

"တော်တန်တိတ်၊ ငါးကြော်ပန်းကန်ဖိတ်၊ သူငယ်ချင်း အချင်းချင်းမို့ လို့ ငါက ခွင့်လွှတ်လိုက်မယ်၊ မိန်းကလေး ဂုဏ်သိက္ခာ ထိပါးစေတဲ့ စကားမျိုး နောက်ဆို မထွက်စေနဲ့ "

ရှက်စနိုး မျက်နှာနှင့် မယ်သီတာက ...

"ဟုတ်တယ်၊ တို့ က ရိုးရိုးသားသား ဂုဏ်ပြုတာကိုး"

မယ်သီတာထက် ရှက်မျက်နှာ ပိုမိုရဲရသည် က သံလွင်ခပင် ဖြစ်လေသည် ။

မယ်သီတာ၏ မျက်နှာကိုပင် မကြည့်ရဲတော့ပဲ အစားကိုသာ နင်းကန် ကုန်းစား နေလေတော့သည် ။

အမှန်တော့ အောင်မြင်မှုကို လိုချင်သည် က လူသားတိုင်း၏ ဆန္ဒ။

ကျော်ကြားမှုနှင့် ခမ်းနားသော လူသိရှင်ကြား၊ ဂုဏ်ပြုခံရခြင်းကို သူမလိုလားပါချေ။

နားအေးပါးအေးနှင့် ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးချမ်းချမ်း နေချင်သည် က သံလွင်ခ၏ ပင်ကိုယ်စရိုက်ပင်။

***